ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေနှင့် သာမန်အသုံးစရိတ်တို့မှ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| **စဉ်** | **တင်ဒါအုပ်စု** | **ပစ္စည်းအမျိုးအမည်** | **အရေအတွက်** |
|---|---|---|---|
| ၁ | Lot(1) | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ Data Center တွင်အသုံးပြုရန် SAN Storage System | 1 Lot |

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် | - | ၂၉ - ၅ - ၂၀၂၆ ရက်နေ့မှ ၁၂ - ၆-၂၀၂၆ ရက်နေ့ထိ<br>နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီ ထိ |
| (ခ) | တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် | - | ၁၂- ၆ -၂၀၂၆ ရက်နေ့ ( သောကြာနေ့ )၊ ညနေ ၁၆း၃၀ နာရီ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့်ရက် | - | ၁၅ - ၆ - ၂၀၂၆ ရက် (တနင်္လာနေ့) |
| (ဃ) | တင်ဒါပုံစံဝယ်ယူ/တင်သွင်းရမည့် နေရာ | - | ရုံးအမှတ်(၁၂)၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ရုံးအမှတ်(၁၂)၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

၂။ အသေးစိတ်သိရှိလိုပါက၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၀၇၂၀၂၊ ၀၆၇-၃၄၀၇၃၂၇ နှင့် ၀၆၇-၃၄၀၇၃၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်သတ်

ကန့်သတ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေနှင့်သာမန်အသုံးစရိတ်တို့မှ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအုပ်စု | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁ | Lot(1) | -Backup Power for Mini Data Center | 640 Nos |
| ၂ | Lot(2) | -48 Ports Switch | 1 Nos |
| ၃ | Lot(3) | -Meraki Device (Head Office) | 1 Nos |
| ၄ | Lot(4) | -Smart Board , | 1 Nos |
| | | -Projector | 1 Nos |
| ၅ | Lot(5) | -Desktop Computer | 16 Set |
| ၆ | Lot(6) | -Audit Management System | 1 Lot |
| ၇ | Lot(7) | -Synology NAS Storage with SSD Device | 1 Lot |
| ၈ | Lot(8) | -Audio Conferencing System | 1 Lot |
| ၉ | Lot(9) | -Airconditioner (1.5 HP) , | 10 Nos |
| | | -Airconditioner (3 HP) | 2 Nos |
| ၁၀ | Lot(10) | -ရေသန့်စက် | 1 Nos |
| ၁၁ | Lot(11) | -မီးစက် | 1 Nos |
| ၁၂ | Lot(12) | -All in one Laser Printer (Black & White), | 6 Nos |
| | | -Color Digital Multifunction Copier and | 1 Nos |
| | | -Digital Multifunction Copier with feeder (Black & Whit) | 5 Nos |

ကန့်သတ်

ကန့်သတ်

| စဉ် | တင်ဒါအုပ်စု | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁၃ | Lot(13) | -Computer Table & Computer Chair<br>-သံဗီရို<br>-မှန်ဗီရို | 20 Nos<br>10 Nos<br>4 Nos |
| ၁၄ | Lot(14) | -Microsoft Hyper-V 2 nodes (Virtualization Software with other memory devices) | 1 Lot |
| ၁၅ | Lot(15) | -Cortex Antivirus Software လိုင်စင်သက်တမ်းတိုးခြင်း | 250 Users |
| ၁၆ | Lot(16) | -နဝရတ်ခန်းမနှင့် ပတ္တမြားခန်းမတို့၏ Audio System ပြင်ဆင်ခြင်း (Item-58 ခုပါ) | 1 Lot |
| ၁၇ | Lot(17) | -Smartnet License သက်တမ်းတိုးခြင်း (Item-22 ခုပါ) | 1 Lot |

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် | - | ၂၇ - ၅ - ၂၀၂၆ ရက်နေ့မှ ၁၀- ၆ -၂၀၂၆ ရက်နေ့ထိ<br>နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီ ထိ |
| (ခ) | တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် | - | ၁၀ - ၆ -၂၀၂၆ ရက်နေ့ (ဗုဒ္ဓဟူးနေ့ )၊ ညနေ ၁၆း၃၀ နာရီ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့်ရက် | - | ၁၅ - ၆- ၂၀၂၆ ရက် ( တနင်္လာနေ့) |
| (ဃ) | တင်ဒါပုံစံဝယ်ယူ/တင်သွင်းရမည့် နေရာ | - | ရုံးအမှတ်(၁၂)၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ရုံးအမှတ်(၁၂)၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

၂။ အသေးစိတ်သိရှိလိုပါက၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊နေပြည်တော်၊ ဖုန်း ၀၆၇၃-၄၀၇၂၂၀၊ ၀၆၇၃-၄၀၇၅၉၃ နှင့် ၀၆၇၃-၄၀၇၃၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်သတ်

၇

**ကတိဝန်ခံချက်**

ကျွန်တော်/ကျွန်မသည် ဌာနမှ ချမှတ်ထားသည့် တင်ဒါတင်သွင်းသူများလိုက်နာရမည့် စည်းကမ်းချက်များကိုလည်း သိရှိလိုက်နာပါမည်ဟု ဝန်ခံကတိပြုလက်မှတ်ရေးထိုးတင်ပြအပ်ပါသည်။

(လျှောက်ထားသူ၏ထိုးမြဲလက်မှတ်)

အမည် ----------------------------

အဘအမည် ----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------------

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ--------------------------

--------------------------

(အသိသက်သေ၏ထိုးမြဲလက်မှတ်)

အမည် ----------------------------

အဘအမည် ----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------------

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ--------------------------

--------------------------

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း/သာမန်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပစ္စည်းဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ**

၁။ တင်ဒါတင်သွင်းသူတိုင်းသည် ကုမ္ပဏီဆိုင်ရာလုပ်ငန်းအချက်အလက်များနှင့် နည်းပညာစံချိန်စံညွှန်းဆိုင်ရာအချက်အလက်များ(Company Profile and Technical Specification) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိတ်ပိတ်၍ တင်ဒါတင်သွင်းသည့် ပုံစံနှင့်အတူ ( -၅-၂၀၂၆) ရက်နေ့ (၁၆ : ၀၀)နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ စီမံရေးရာဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော် ဟု လိပ်မူလျက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာဦးစီးဌာနသို့ ကိုယ်တိုင်လာရောက်ပေးသွင်းရမည်။ သတ်မှတ်ချိန်ထက် ကျော်လွန်ပြီးမှ ရောက်ရှိလာသော တင်ဒါများအား လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။

၂။ ကုမ္ပဏီဆိုင်ရာလုပ်ငန်းအချက်အလက်များနှင့် နည်းပညာစံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များစာအိတ်တွင် မလိုအပ်သည့် စာရွက်စာတမ်းများနှင့် တင်သွင်းမည့်ပစ္စည်း၏ အဆိုပြုဈေးနှုန်းများကို ထည့်သွင်းဖော်ပြခြင်းမပြုရ၊ မှားယွင်းထည့်သွင်းထားသော ကုမ္ပဏီများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။အဆိုပြုတင်ဒါလျှောက်လွှာများကို တင်ဒါရွေးချယ်သည့်အဖွဲ့အနေဖြင့် လုံလောက်သော အကြောင်းပြချက်ဖြင့် မည်သည့် အိတ်ဖွင့်တင်ဒါကိုမဆို ငြင်းပယ်နိုင်ခွင့် ရှိသည်။

၃။ ကုမ္ပဏီဆိုင်ရာလုပ်ငန်းအချက်အလက်များနှင့်နည်းပညာစံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များစာအိတ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို မပျက်မကွက် ထည့်သွင်းဖော်ပြရမည်-

(က) ကုမ္ပဏီမှတ်ပုံတင် (မိတ္တူပူးတွဲတင်ပြရန်)၊

(ခ) ကုမ္ပဏီအကြီးအကဲ(ပိုင်ရှင်)အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) ကုမ္ပဏီ၏ဖွဲ့စည်းပုံနှင့်ဝန်ထမ်းအင်အား၊ တင်ဒါတင်သွင်းသူ၏အတွေ့အကြုံကိုပါ တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်။

(ဃ) Installation/Implementation ပြုလုပ်ရာတွင် ကျွမ်းကျင်ပုဂ္ဂိုလ်များ အမည်စာရင်း၊ ဆောင်ရွက်မည့်ကာလနှင့် နည်းပညာ/အတတ်ပညာ (Training) လွှဲပြောင်းပေးနိုင်မှု၊

(င) ရောင်းချမည့်ပစ္စည်း၏ စစ်မှန်မှုအား Main Distributer မှ အသိအမှတ်ပြုထား သည့် Manufacture Authorized Letter တင်ပြရန်၊

(စ) ငွေကြေးလည်ပတ်သုံးစွဲမှုနှင့်ပတ်သက်၍ ကုမ္ပဏီမှ ဘဏ်တွင်အပ်နှံထားသည့် Bank Statement တင်ပြရန်၊

(ဆ) အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဇ) တင်သွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်များ (Specification)

(ဈ) တပ်ဆင်မည့်နည်းပညာ Design Solution တင်ပြပေးရမည်။

(ည) တင်ဒါအာမခံကြေး ၁% ပေးသွင်းထားသည့် ဘဏ်ချလံ(မူရင်း)

၄။ ဈေးနှုန်းအဆိုပြုလွှာတွင် အောက်ဖော်ပြပါအချက်အလက်များ ပါရှိရမည်-

(က) သက်ဆိုင်ရာကုမ္ပဏီဥက္ကဋ္ဌ (သို့မဟုတ်) အုပ်ချုပ်မှုဒါရိုက်တာ ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်။

(ခ) တင်သွင်းမည့်ပစ္စည်းများ၏ဈေးနှုန်းကို (မြန်မာကျပ်ငွေ) ဖြင့် ဖော်ပြရမည်။

(ဂ) တင်ဒါအောင်မြင်သူအနေဖြင့် အတည်ပြုထားသည့်ဈေးနှုန်းကို ပြင်ဆင် ပြောင်းလဲခြင်း မပြုရပါ။

(ဃ) ဈေးနှုန်းတည်တံ့မှုကာလမှာ (၂) လ ဖြစ်ကြောင်းဖော်ပြပါရှိရမည်။

၅။ နည်းပညာဆိုင်ရာ အောင်လက်မှတ်ရရှိသော တင်ဒါတင်သွင်းသူများ၏ ဘဏ္ဍာရေး ဆိုင်ရာအဆိုပြုလွှာများအား တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ လုပ်ငန်းရှင် များအားလုံး၏ ရှေ့မှောက်တွင် စစ်ဆေးမည်ဖြစ်ပါသည်။ ဌာနမှ Quality and Cost Based Solutions Methods ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။ အဆိုပါနေ့ရက်တွင် တင်ဒါတင်သွင်းသူအားလုံးမှ ပိုင်ရှင်(သို့မဟုတ်) ရှင်းလင်းတင်ပြ ဆုံးဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်ကိုယ်တိုင် မပျက်မကွက်လာရောက်ရပါမည်။ နည်းပညာနှင့်စပ်လျဉ်း၍ တင်ဒါ ဖွင့်ဖောက်သည့်နေ့တွင် (၁၀)မိနစ်ခန့် Online Presentation ပြုလုပ်ရမည်။ တင်ဒါ ဖွင့်ဖောက်မည့်ရက်မတိုင်မီ တစ်ပတ်အလိုတွင် အကြောင်းကြားမည်ဖြစ်ပြီး အကြောင်း ကြား စာတွင် Online Meeting နှင့်ပတ်သက်သော အချက်အလက်များ (Meeting ID) ထည့်သွင်းပေးမည်ဖြစ်သည်။

၆။ နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ/ လူပုဂ္ဂိုလ်ဖြစ်ပါက တင်ဒါအောင်မြင်ပြီးဖြစ်သော်လည်း ပယ်ဖျက်မည်ဖြစ်သည်။

၇။ တင်ဒါတင်သွင်းသူမှ တင်ဒါအာမခံကြေး (တင်ဒါတန်ဖိုး၏) ၁% ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် သတ်မှတ်ချက်နှင့်အညီ ကြိုတင်ပေးသွင်းထားရမည်။ တင်ဒါအာမခံကြေး ၁ % ပေးသွင်းထားသည့် ချလံမိတ္တူကို တင်ဒါလျှောက်လွှာတင်သွင်းချိန်တွင် တင်ပြရမည်။

၈။ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ရရှိမှသာ တင်ဒါအောင်မြင်မှု/မအောင်မြင်မှုကို အကြောင်းပြန်ကြားမည်ဖြစ်ပြီး တင်ဒါမအောင်မြင်သူများ၏ (P.O) Cheque များကို ၇ ရက် အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ တင်ဒါအောင်မြင်သောကုမ္ပဏီများအနေဖြင့် လုပ်ငန်းပြီးမြောက်မှုအာမခံ Performance Guarantee အဖြစ် မိမိတင်သွင်းမည့် ပစ္စည်းတန်ဖိုး၏ ၁၀ % အာမခံငွေအား ကြိုတင်ပေးသွင်းထားသည့် အထောက်အထားတင်သွင်းမှသာ လုပ်ငန်းအပ်နှံသည့် စာချုပ် ချုပ်ဆိုဆောင်ရွက်ခွင့်ပြုမည်။

၁၀။ တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် တင်ဒါအောင်စာရင်းကြေငြာပြီး ၁၄ ရက်အတွင်း Performance Guarantee ၁၀ % ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် အာမခံ (Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်။

၁၁။ တင်ဒါအောင်မြင်သူနှင့်လုပ်ငန်းအပ်နှံခြင်းစာချုပ်ကို တင်ဒါအောင်မြင်သည့်နေ့မှ(၁၀) ရက်အတွင်း နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်တံဆိပ်ခေါင်းတန်ဖိုးအား လုပ်ငန်းလက်ခံသူက ကျခံရမည်။ တင်ဒါအောင်မြင်သူသည် စာချုပ်လာရောက်ချုပ်ဆိုရန် ပျက်ကွက်ပါက ယင်းမှတင်သွင်းထားသည့် တင်ဒါအာမခံငွေအား နိုင်ငံတော် ဘဏ္ဍာငွေသို့ ပေးသွင်းမည်ဖြစ်သည်။

၁၂။ တင်ဒါအောင်မြင်သူမှ ၅% ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီးသည့် ချလံတင်ပြမှသာလျှင် ပစ္စည်းတန်ဖိုးငွေမှ ၂% ဝင်ငွေခွန် (Withholding Tax) ဖြတ်တောက်၍ အခွန်ရုံးသို့ပေးသွင်းပြီး ကျန်ငွေအား ဝယ်ယူသူမှ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ပေးချေမည်ဖြစ်ပါသည်။

၁၃။ တင်ဒါအောင်မြင်သူများအနေဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်ရာတွင် လုပ်ငန်းသတ်မှတ်ကာလ ကုန်ဆုံးပြီး သက်ဆိုင်ရာဌာနမှ Good Acceptance Certificate ရရှိပြီးမှသာ

တင်သွင်းထားသော လုပ်ငန်းပြီးမြောက်မှုအာမခံကြေး(၁၀%) Performance Guarantee ကို (၁)ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၁၄။ တင်ဒါအောင်မြင်သူသည် သတ်မှတ်ထားသည့်ကာလအတွင်း ပစ္စည်းမအပ်နိုင်ပါက နောက်ကျကြေးအဖြစ် ဒဏ်ကြေးငွေပေးဆောင်ရမည်။ ရက်လွန်ကြေး တစ်ရက်လျှင် ပေးသွင်းရန်ကျန် ပစ္စည်း တန်ဖိုး၏ (၀.၀၁%)ကို တင်သွင်းသည့် ကုမ္ပဏီဘက်မှ ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၁၅။ တင်ဒါအောင်မြင်သူသည် စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက စာချုပ်ဖျက်သိမ်းမည့်အပြင် Performance Guarantee (PG) ကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းသွားမည်ဖြစ်သည်။

၁၆။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းလက်ခံဆောင်ရွက်နေစဉ်ကာလအတွင်း ကုမ္ပဏီ၏ အားနည်းချက်များနှင့် လုပ်ငန်းချို့ယွင်းချက်များဖြစ်ပေါ်လာပါက တင်ဒါကော်မတီ၏ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

၁၇။ အိတ်ဖွင့်တင်ဒါများစိစစ်ရန် ကြေညာထားသည့် နေ့ရက်ရွှေ့ဆိုင်းရခြင်းဖြစ်ပေါ်လာပါက တင်ဒါတင်သွင်းသူမှ လက်ခံရမည်ဖြစ်သည်။

၁၈။ တင်ဒါအောင်မြင်သူသည် တင်သွင်းရမည့် ပစ္စည်းများအား တစ်ဆင့်ခံကန်ထရိုက် ထပ်မံ ပေးအပ်ခြင်းမပြုရ။

၁၉။ တင်ဒါအောင်မြင်သူမှ ပစ္စည်းများလာရောက်ပေးသွင်းရာတွင် အမျိုးအစားမှန်ကန်မှု ရှိ/မရှိကို ကျွမ်းကျင်သူများဖြင့် အသေးစိတ်စစ်ဆေးလက်ခံမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ပစ္စည်းများကို လက်ခံမည်မဟုတ်ပါ။ ကွဲလွဲနေသော ပစ္စည်းများအတွက် မူလသတ်မှတ်ချက်အတိုင်း ပြန်လည်ပေးသွင်းရမည်။

၂၀။ နည်းပညာ/အတတ်ပညာ (Training) လွှဲပြောင်း ပေးနိုင်မှုတွင် Training နှင့်အတူ User Manual (Myanmar Version) ဖြည့်ဆည်းပေးရမည်။

၂၁။ End User Support (Registration) ထိဝန်ဆောင်မှု ပေးနိုင်ရမည်။

၂၂။ အာမခံသက်တမ်းကာလကုန်ဆုံးပြီးနောက်ပိုင်း ပျက်စီး၊ ချို့ယွင်းမှုဖြစ်ပေါ်ခဲ့လျှင် အကြောင်းကြားသည့်အချိန်တွင် ကျသင့်သော လက်ခယူ၍ ချက်ချင်းဆောင်ရွက်ပေးရမည်။

ကန့်သတ်



၂၃။ Manufacturers Faults များနှင့်ပတ်သက်သည့်ကိစ္စနှင့် ပတ်သက်၍ ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီသည် ချို့ယွင်းသည့်အစိတ်အပိုင်းများ အသစ်လဲလှယ်တပ်ဆင်ပေးခြင်းကို ဆောင်ရွက်စေရန် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရမည်။

၂၄။ တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် စာချုပ်ချုပ်ဆိုသည့်အချိန်တွင် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း၌ ပေးသွင်းမည့်ပစ္စည်း၊ ပေးသွင်းနိုင်မည့်အချိန်နှင့် ဆောင်ရွက်မည့်အစီအမံတို့ကို တင်ပြနိုင်ရမည်။ ကုမ္ပဏီအနေဖြင့် အစီအမံပါအတိုင်း ဆောင်ရွက်နိုင်မှုမရှိလျှင် အဆိုပါစက်ပစ္စည်း/လုပ်ငန်းများအား လျော်ကြေးမပေးဘဲ စာချုပ်ချုပ်ဆိုထားခြင်းအားပယ်ဖျက်ပြီးပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအစီအစဉ်ဖြင့်သာဆက်လက်ဆောင်ရွက်သွားမည်။

၂၅။ ပစ္စည်းဝယ်ယူမှုစာချုပ်ချုပ်ဆိုရာတွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီအနေဖြင့် သတ်မှတ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးမည့်လမတိုင်မီ (၁) လကြိုတင်၍ အရည်အသွေး စံချိန်စံနှုန်း ပြည့်မီသော ပစ္စည်းများအား ပေးသွင်းနိုင်ရေး ဆောင်ရွက်ရမည်။

၂၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသည် တင်သွင်းလာသည့် အိတ်ဖွင့်တင်ဒါများအား စိစစ်ခြင်း၊ ရွေးချယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်တစ်ဖန်ပြန်လည် ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည့်အပြင် ယင်းအဖွဲ့၏ အဆုံးအဖြတ်သာ အတည် ဖြစ်သည်။

၂၇။ တင်သွင်းသည့်ပစ္စည်းအတွက် တာဝန်ယူသည့် အာမခံသက်တမ်းကာလအတွင်း ပျက်စီးချို့ယွင်းမှုဖြစ်ပေါ်ခဲ့လျှင် သဘောတူစာချုပ်ပါအတိုင်း (ပစ္စည်းတန်ဖိုး+လက်ခမဲ့) အသုံးပြုနိုင်သည်အထိ ပြုပြင်ပေးရမည်။

၂၈။ ပစ္စည်းများကို အပ်နှံချိန်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အရည်အသွေးစိစစ်ရေးနှင့်လက်ခံရေးကော်မတီမှ စစ်ဆေးအတည်ပြုပြီးမှသာ လက်ခံမည်ဖြစ်ပါသည်။

၂၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဝ၆၇၃-၄ဝ၇၁၄၃ ၊ ဝ၆၇၃-၄ဝ၇၃၂၇

၃ဝ။ အထက်ဖော်ပြပါ "**အဆိုပြုတင်ဒါ**" တင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဖတ်ရှုနားလည်သဘောပေါက်၍ စည်းကမ်းချက်များနှင့်အညီလုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်း သဘောတူလက်မှတ်ရေးထိုးပါသည်။

ကန့်သတ်

**(လက်မှတ်)**

| | |
|---|---|
| တင်ဒါအဆိုပြုသူအမည် | ------------------------------ |
| ရာထူး | ------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ------------------------------- |
| ကုမ္ပဏီ/လုပ်ငန်းလိပ်စာ | ------------------------------- |
| | ------------------------------- |
| နေရပ်လိပ်စာ | ------------------------------- |
| | ------------------------------- |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | ------------------------------- |

**ကတိဝန်ခံချက်**

ကျွန်တော်/ကျွန်မသည် ဌာနမှ ချမှတ်ထားသည့် တင်ဒါတင်သွင်းသူများလိုက်နာရမည့် စည်းကမ်းချက်များကိုလည်း သိရှိလိုက်နာပါမည်ဟု ဝန်ခံကတိပြုလက်မှတ်ရေးထိုးတင်ပြအပ်ပါသည်။

(လျှောက်ထားသူ၏ထိုးမြဲလက်မှတ်)

အမည် ----------------------------

အဘအမည် ----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------------

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ--------------------------

--------------------------

(အသိသက်သေ၏ထိုးမြဲလက်မှတ်)

အမည် ----------------------------

အဘအမည် ----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------------

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ--------------------------

--------------------------